

**ဂေဖော့ ဆာဂစ်ဆီယန်**

**ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ Operations Manager**

ဂေဖော့ ဆာဂစ်ဆီယန်သည် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ Operations Manager ဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ရုံး ရန်ကုန်မြို့တွင် အခြေစိုက်သည်။

အာမေးနီးယန်း နိုင်ငံသား ဖြစ်သူ ဆာဂစ်ဆီယန်သည် ကမ္ဘာ့ဘဏ်ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး အခြေခံအဆောက်အအုံ နှင့် စွမ်းအင် ဝန်ဆောင်မှုပေးအပ်ရေးဌာနတွင် Operations Officer အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ လုပ်ငန်းကဏ္ဍများစွာ ဒေသများစွာတွင် ရာထူးအမျိုးမျိုးဖြင့်တာဝန်ယူဆောင်ရွက်ခဲ့သည်။ သူသည် မကြာသေးမီက Energy and Extractives Global Practice တွင် Program Manager for Climate Finance and Global Lead of Clean Energy အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး renewable energy, စွမ်းအင်ဖူလုံရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ကာဗွန်ဓာတ်ငွေ့ ထိန်းသိမ်းရေးနှင့် သိမ်းဆည်းရေးတို့နှင့်ဆက်စပ်သော လုပ်ငန်းများကို အဓိက တာဝန်ယူခဲ့သည်။ ဆာဂစ်ဆီယန် သည် ရာသီဥတုထိန်းသိမ်းရေးရန်ပုံငွေများမှ ငွေကြေးထောက်ပံ့သော သန့်ရှင်းသော စွမ်းအင်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ကြီးကြပ်ကွပ်ကဲခဲ့သည်။ ကမ္ဘာ့ဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ၁၇နှစ်တာ လုပ်သက်အတွင်း သူသည် အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် ဂျော်ဂျီယာနိုင်ငံ တို့တွင် စွမ်းအင်နှင့် အခြေခံအဆောက်အအုံ စီမံကိန်းများကို ဦးဆောင်ခဲ့သည်။ ဥရောပ အာရှနှင့် အာဖရိကရှိ နိုင်ငံများတွင်လည်းလုပ်ကိုင်ခဲ့ဖူးသည်။

ကမ္ဘာ့ဘဏ်သို့ မရောက်မီ သူသည် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းအမျိုးမျိုးတို့တွင်လည်း မန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့သည်။ သန့်ရှင်းသောစွမ်းအင်နှင့် အခြေခံအဆောက်အအုံတို့အတွက် ဘဏ္ဍာရေး ဆိုင်ရာစာအုပ် စာတမ်းများစွာတို့ကို တစ်ကိုယ်တော်ရေးသားခြင်း ပူးတွဲရေးသားခြင်း တို့လည်းပြုလုပ်ခဲ့သည်။သူသည်လက်တွေ့အသုံးချသင်္ချာဘာသာရပ်တွင် မဟာဘွဲ့ရထားပြီး စီးပွားရေး ဘာသာရပ်တွင် Ph.D. (ABD) ရရှိထားသူလည်းဖြစ်၏။